ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ရွှေပန်းတောအုပ်စု၊ မရမ်းချိုကျေးရွာ

## မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁. မြို့နယ်မြေပုံ


ကြံ့ခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံ့ခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှဉ်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံ့ခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ

**၃။ ရွှေပန်းတောအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

၁။မုန့်ထုတ်ကျေးရွာ

၂။မင်းတဲကြီးကျေးရွာ

၃။ထန်းကုန်းကျေးရွာ

၄။ရွာသစ်ကုန်းကျေးရွာ

၅။ဂုံကြီးကျေးရွာ

၆။ဂုံကြီးအောက်စုကျေးရွာ

**၇။မရမ်းချိုကျေးရွာ**

၈။ရွှေပန်းတောကျေးရွာ

၉။ကံကုန်းကျေးရွာ

ရွှေပန်းတောကျေးအုပ်စုတွင်ကျေးရွာပေါင်း(၉)ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ရောဂတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေပန်းတောအုပ်စုတွင် မရမ်းချို ကျေးရွာတည်ရှိပါသည်။ ကြံခင်းမြို့၏ တောင်ဘက် ၅မိုင်ခန့်အကွာ၊တွင် တည်ရှိပါသည်။ အိမ်ထောင်စု (၂၄) စုနှင့် လူဦးရေ (၉၆)ယောက်ရှိပါသည်။ ရွာ၏ အရှေ့ဘက် ဝါးတောလမ်း အတိုင်းသွားပါက ကျောက်တိုင်ကျေးရွာ နှင့် ဌက်ပျောတောကျေးရွာ တို့ကို ရောက်ရှိပြီး ရွာ၏အနောက် ဘက်လမ်းအတိုင်း သွားပါက ဝဲကြီးအောက်စုကျေးရွာ သို့ ရောက်ရှိနိုင်ပါသည်။

မရမ်းချိုကျေးရွာသည် ဖားတရှဉ်းချောင်းဘေးတွင် တည်ရှိပါသည်။ ကျေးရွာဘေးတွင် ဝါးတောများလည်း ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ ဝါးလုပ်ငန်းနှင့် လယ်လုပ်ငန်းဖြစ်သည်။ အများစုမှာ လက်လုပ်လက်စား ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ ရွာ၏မြောက်ဘက် ဝါးတောထဲတွင် ကျေးရွာသူ/သားများ ကိုးကွယ်ကြသော ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ ရွာထိပ်နှင့် ရွာလယ်တို့တွင် World Vision အဖွဲ့မှ ဆောက်လုပ်ပေးထားသော ဂါလံ(၅ဝဝ)ဆန့် ရေလှောင်ကန် နှစ်ကန် ရှိပါသည်။

မရမ်းချို ကျေးရွာတွင် ကျေးရွာတွင်း ဖွဲ့စည်းထားသော အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပက အဖွဲ့ တို့အပြင် ၊ World Vision အဖွဲ့လည်း ရှိသည်။ ကျေးရွာ၏အခြေအနေ အချိန်အခါ လိုအပ်ချက်ပေါ် မူတည်ပြီး အဖွဲ့အစည်း တခုနှင့်တခု ချိတ်ဆက်ကာ ပူးပေါင်း ဆောင်ရွက်ကြသည်။

မရမ်းချို ကျေးရွာ ပညာရေးသင်ယူမှုတွင် မူလတန်း ပညာရေးကို ချောင်းခွ မူလတန်း ကျောင်းတွင် လည်းကောင်း၊ အလယ်တန်း ပညာရေးကို တွင် လည်းကောင်း၊ အထက်တန်းပညာရေးကို အထက မျောက်ချောကုန်း နှင့် အ-ထ-က ကြံခင်း ကျောင်းတို့တွင် လည်းကောင်း သွားရောက်ပညာ သင်ကြားကြသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာဆေးပေးခန်း မရှိဘဲ ကြံခင်းဆေးရုံကြီးသို့ သွားရောက် ဆေးကုသ ကြသည်။ မရမ်းချို ကျေးရွာတွင် ဗမာလူမျိုး များသာရှိ၍ ဗုဒ္ဓဘာသာကိုးကွယ် ကြသည်။

လျှပ်စစ်မီး မရှိပါ။ ၂ဝဝ၆ခုနှစ်တွင် မာလာမုန်တိုင်းဒဏ်ကို ခံခဲ့ရပြီး ၂ဝဝ၅ ခုနှစ်တွင် ရေကြီး မှုဒဏ်ကိုပါ ခံခဲ့ရသော ကျေးရွာတရွာ ဖြစ်ကာ သောက်သုံးရေ ရှားပါး မှုဖြစ်ခဲ့ရသည်။

ကျေးရွာသူ/သား များသည် စည်းလုံးညီညွတ်ကြပြီး ဖော်ရွေသောဆက်ဆံရေး ရှိကာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်ကြသော စိတ်ဓါတ် လည်း ရှိကြပါသည်။


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၉-၉-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၉-၉-၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၄ | ၁၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၉-၉-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါးအုပ်စုများ | ၅ | ၁၀ | ၁၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက် မှုပြမြေပုံ (Venn Diagram) | ၂၉-၉-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၅ | ၁၀ | ၁၅ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၉ - ၉ - ၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၈ | ၁၅ | ၂၃ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၉ - ၉ - ၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၈ | ၁၅ | ၂၃ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၉ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၈ | ၁၅ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျော်မှန်းချက် (Village Vision) | ၂၉ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၈ | ၁၅ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျော်မှန်းထားသလဲ<br>-ဘာကြောင့်မျော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ<br>ဦးစားပေးလုပ်ငန်း | ၂၉ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>ရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၈ | ၁၅ | ၂၃ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မရမ်းချို ကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝအရင်း အမြစ်များ ၊ အခြေခံအဆောက် အဦးများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထု ကိုယ်တိုင် သိရှိစေရန် နှင့် ထို အရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

## အရင်းအမြစ်နှင့်အခြေခံအဆောက်အဦး

မရမ်းချိုကျေးရွာသည် ၊ အိမ်ခြေ (၂၆) အိမ်ရှိပြီး အိမ်ထောင်စု ၂၃စု ရှိပါသည်။ ကျေးရွာ၏ တောင်အရပ် တွင် ဖားတရှဉ်းချောင်း တည်ရှိပြီး မြောက်အရပ်တွင် ဝါးတောများ ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်ထိပ်နားတွင် World Vision မှ တည်ဆောက်ပေး ထားသော ဂါလံ ၅၀၀၀ဆန့် မိုးရေလှောင်ကန် တစ်ကန်နှင့် ရွာလယ်တွင် မိုးရေလှောင်ကန် တစ်ကန် ၊ ရေတုံကင် တစ်ခု ရှိပါသည်။

## ဘာသာရေး အဆောက်အအုံ

ကျေးရွာ၏ မြောက်ဘက်ဝါးတော ထဲတွင် ကျေးရွာသူ/သားများ ကိုးကွယ် ကြသော ဘုန်းတော်ကြီး ကျောင်း တစ်ကျောင်းရှိပါသည်။

## လမ်းပန်းဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရေး အခက်အခဲရှိပါသည်။ ရွာချင်းဆက်လမ်းများမှာ အရှေ့ဘက်တွင် ကျောင်းစုကျေးရွာ၊ အနောက် ဘက်တွင် ဝဲကြီးအောက်စု ကျေးရွာတို့နှင့် ဆက်သွယ်ထားသော မြေသားလမ်း ရှိပါသည်။

လူမှုအရင်းအမြစ်ပြမြေပုံ အရ မရမ်းချို ကျေးရွာတွင် ကျန်းမာရေးအဆောက်အအုံများကို မတွေ့ရပါ။ ထို့ကြောင့် ကျေးရွာသူ/သား များမှ မိမိတို့ကျေးရွာအတွက် လိုအပ်နေသော အဆောက်အဦး များ နှင့် အရင်းအမြစ်များကို သိမြင်သွားကြောင်း သုံးသပ်မိပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ကျေးရွာတစ်ရွာ၏ ရာသီဥတုကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ယင်းကျေးရွာ၏ အစားအစာ စားသုံးမှု၊ စီးပွားရေး ၊ လုပ်ငန်းခွင် အခြေအနေတို့ကို သိရှိနိုင်သည်။

ကျေးရွာ၏ ရာသီဥတုသည် တန်ခူးလတွင် ပူပြင်းခြောက်သွေ့၍ ကဆုန်လမှ စမိုးရွာသွန်း ပါသည်။ နတ်တော်လမှ တပို့တွဲ လ အထိ နှင်းကျ၍ ချမ်းအေးပါသည်။ တပေါင်းလသည် ပူပြင်းသော ကာလဖြစ်ပါသည်။


အဓိကအသက်မွေး ဝမ်းကျောင်းမှု အလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းနှင့် ခမောက်လုပ်ငန်း ကို အဓိကလုပ်ကိုင်ကြပြီး စပါး၊ နမ်း နှင့် ပဲ တို့ကို စိုက်ပျိုးကြပါသည်။ သီးနှံပေါ်ချိန်နှင့် ခမောက် လုပ်ငန်း တွင်ကျယ်သည့် အချိန်များတွင် တစ်ဦးကျ ဝင်ငွေကောင်းကြသည်။ လုပ်ငန်းခွင် အတွင်း လုပ်အားခ ရရှိမှုမှာ အများအားဖြင့် ကျား-မ တန်းတူ ရရှိကြပါသည်။

ရာသီပွဲတော်များလည်း ကျင်းပကြပြီး အခြားပွဲတော်များ ကျင်းပခြင်း မရှိပါ။ ရာသီအကူး အပြောင်း ကာလများတွင် ချောင်းဆိုး၊ ဝမ်းပျက် ၊ဝမ်းလျှောရောဂါများ ဖြစ်ပွား၍ အများစုမှာ ကျန်းမာ ကြပါသည်။

မိမိတို့ ဒေသထွက် သီးနှံများကို ရာသီအလိုက်စားသုံး ရောင်းချကြပါသည်။ မိုးရာသီတွင် နှစ်စဉ် ချောင်းရေလျှံလေ့ ရှိတတ် ကြပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(၁) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ကျေးရွာတွင် ဥစ္စာဓန အဆင့်များကို ကျေးရွာ၏ သဘောတူညီချက်ဖြင့် အဆင့်(၄)ဆင့် သတ်မှတ် ခဲ့ ပါသည်။

အဆင့်(က) ချမ်းသာအဆင့်တွင် အိမ်ထောင်စု(၄)စုရှိပြီး ကျေးရွာ၏ သာရေးနာရေးတို့ကို ဦးဆောင်နေပါသည်။ ဝါးခြံ၊ လယ်များရှိ၍ ဆိုင်ကယ် ၊လယ်ထွန်စက်၊ ရေစုပ်စက် ၊ တို့ကို ပိုင်ဆိုင်ကြသည်။

အဆင့်(ခ)တွင် အိမ်ထောင်စု(၁၃)စု ရှိပါသည်။ကျေးရွာ၏ အသင့်အတင့် အဆင့်တွင်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပေးသူများ ဖြစ်ကြပါသည်။


အဆင့်(ဂ)တွင် အိမ်ထောင်စု (၅)စုရှိပြီး ကျေးရွာ၏ စီးပွါးရေးမှာ မပြေလည်သော အဆင့်တွင် တည်ရှိပါသည်။ နေ့စားလုပ်ကိုင်သူများရှိသလို ကိုယ်ပိုင်တစ်နိုင်တစ်ပိုင် စီးပွါးရေးလုပ်ကိုင်သူများလည်း ရှိပါသည်။

ကျေးရွာ၏ နွမ်းပါးအဆင့်(ဃ)တွင် အိမ်ထောင်စု (၅)စု ရှိပါသည်။နွမ်းပါးမိသားစုများမှာ ပုံမှန်ဝင်ငွေမရှိပဲ ကျပန်းလုပ်ငန်းကိုသာ လုပ်ကိုင်ရခြင်း ၊အလုပ်အကိုင်နည်းပါးခြင်း ၊အသိပညာ ဗဟုသုတ နည်းပါးခြင်း တို့ကြောင့်နွမ်းပါးရခြင်း ဖြစ်ပါသည်။

ကျေးရွာ၏ အဓိကလုပ်ငန်းများကို ရွေးချယ်ရာတွင် ကျေးရွာ၏ နွမ်းပါးအဆင့်ကို ဦးစားပေး စဉ်းစား ရေးဆွဲခဲ့ပါသည်။ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် ရာတွင် ကျေးရွာ၏ နွမ်းပါးသူများဝင်ရောင် လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဝင်ငွေများရရှိလာပြီး နည်းပညာပိုင်းမှာပါ အထွေထွေ ဗဟုသုတများပါ အကျိုးခံစားခွင့်များပါ ရရှိလာ မည်ဟု သုံးသပ်မိပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

မရမ်းချိုကျေးရွာ၏ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပုံများကို ကျေးရွာလူထုမှ သိသာပေါ်လွင် စေရန် နှင့် လိုအပ်ပါက အဖွဲ့အစည်း များနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက် နိုင်ရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဓိက ကျသောအဖွဲ့ဖြစ်ပြီး မီးသတ်အဖွဲ့ နှင့် World Vision အဖွဲ့တို့ ရှိကြသည်။ ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် ဦးစီးဆောင်ရွက်သော လူငယ် အဖွဲ့ရှိပြီး ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အတွက် ဂေါပက အဖွဲ့လည်း ရှိသည်ကို တွေ့ရသည်။


ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပေးထားသော ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင် အဖွဲ့အစည်း ရှိပြီး ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် လိုအပ်ပါက ညှိနှိုင်းချိတ်ဆက်ဆောင် ရွက်ကြသည်။

မြို့နယ်အဖွဲ့အစည်း များဖြစ်သော မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးတို့နှင့် လဲ ချိတ်ဆက်မှု ရှိနေသည်ကို တွေ့ရသည်။

မရမ်းချို ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ ရေးဆွဲရာတွင် အမျိုးသား ၆ဦး ၊ အမျိုးသမီး ၁၉ဦး ၊ စုစုပေါင်း ၂၅ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်



အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**<u>အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

မရမ်းချို ကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမှီမှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို မေးမြန်းဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာပေါ်လွင်စေရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။


အမျိုးသားများသည် လယ်ထွန်စက်၊ လှည်း၊ နွား၊ စသောလူမှုအရင်းအမြစ် များကို သုံးကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက အသုံးပြုကြသည်။လယ်၊ကိုင်း၊ ဝါးခြံ၊ အိမ်၊ ဘုန်းကြီးကျောင်း နှင့် အိမ်မွေးတိရစ္ဆာန်စသော အရင်းအမြစ်များကို အမျိုး သား၊အမျိုးသမီးတို့အားလုံး လက်လှမ်းမှီ အသုံးပြုကြသည်။

အသုံးပြုရာတွင် တန်းတူညီမျှစွာ သုံးစွဲနေကြသော်လည်း ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက်ချ မှုတို့တွင် အမျိုးသားများကသာ ထိန်းချုပ်ထားသည်ကို သုံးသပ်တွေ့ရသည်။

မရမ်းချို ကျေးရွာရှိ သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချနိုင်မှုတို့ ရှိနေသည်ကို တွေ့ရသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မရမ်းချို ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုဘဝ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေ တို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

အုပ်ချုပ်မှုတွင် အမျိုးသား ၉၀%၊ အမျိုးသမီး ၄၀% ရှိပြီး ၊ အုပ်ချုပ်ရေးတွင် အမျိုးသား ၊အမျိုးသမီးတို့ ကွာခြားမှု ရှိသည်။

အဖွဲ့အစည်း ပူးပေါင်းမှုတွင် အမျိုးသား ၇၀%၊ အမျိုး သမီး ၇၀%ရှိပြီး ပါဝင်ဆောင်ရွက်မှု တန်းတူညီမျှ ရှိသည်။

အိမ်တွင်းမှုတွင် အမျိုးသား၈၀%၊ အမျိုးသမီး ၄၀%ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုကိစ္စ များတွင် အချိန်ကုန်ဆုံးကြသည်။

ပညာရေး လက်လှမ်းမှီမှုတွင် အမျိုးသား၆၀%၊ အမျိုးသမီး ၅၀%ရှိပြီး အနဲငယ်သာ ကွာခြားသည်။

ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသား၇၀% ၊ အမျိုးသမီး ၅၀% ရှိပြီး အမျိုးသားများက ဝင်ငွေပိုရှာ ဖွေနိုင်ကြသည်။


အရင်းအမြစ် အသုံးချမှုတွင်လည်း အမျိုးသားများက အသုံးပြုမှု ပိုမိုရှိနေသည် ကို သုံးသပ်တွေ့ရသည်။

ယုံကြည်မှု ၊လုံခြုံမှုတွင် အမျိုးသားများက ပိုမိုယုံကြည်လုံခြုံမှုရှိပြီး အလုပ်အကိုင် အခွင့် အလမ်းတွင်လည်း အမျိုးသား များကသာ အခွင့်အလမ်း ပိုရသည်ကို တွေ့ရသည်။

မရမ်းချို ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက် ရေးဆွဲရာတွင် အမျိုးသား၈ဦး၊ အမျိုးသမီး ၁၅ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>




အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

**အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ**


- သောက်သုံးရေ မလုံလောက်ခြင်း
- အုပ်စုတွင်း ကျေးရွာဖြစ်သော်လည်း တန်းတူညီမျှသော အခွင့်အရေးများ ရရှိမှု နည်းပါးခြင်း
- မိုးရာသီတွင် ဗွက်ထူ၍ သွားလာရ အဆင်မပြေခြင်း
- ပညာရေးတွင် ရှေ့ဆောင်လမ်းပြ ကြယ်များ နည်းပါး၍ ပညာရေးအထောက်အပံ့အားနဲခြင်း
- ချောင်းခြားသည့်အတွက် ရွာချင်းဆက် သွားလာရေးအခက်အခဲ

**အမျိုးသမီးများ မှ တင်ပြသောအခက်အခဲပြဿနာများ**

- ချောင်းရေလျှံ၍ အိမ်များ နစ်မြုပ်ခြင်း
- အလုပ်အကိုင် ရှားပါးခြင်း
- ပညာရေးတွင် ရှေ့ဆောင်လမ်းပြ ကြယ်များ နည်းပါး၍ ပညာရေးအထောက်အပံ့အားနဲခြင်း
- မိုးရာသီတွင် ဗွက်ထူ၍ သွားလာရ အဆင်မပြေခြင်း
- လူမှုရေးနှင့် ပတ်သက်၍စည်းလုံးမှု အားနဲခြင်း
- ကျန်းမာရေးနှင့် ပတ်သက်၍ အချိန်မီ သွားရောက်ပြသရန် အခက်အခဲရှိခြင်း
- လျှပ်စစ်မီး မရှိခြင်းကြောင့် ကျောင်းသား၊ကျောင်းသူများ စာကျက်ရာတွင်ခက်ခဲခြင်း၊ တို့ဖြစ်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဇ) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာမျှော်မှန်းချက်

**<u>ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )</u>**

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- ကျေးရွာတွင်း ရွာချင်းဆက်လမ်း ကွန်ကရစ်လမ်း ဖြစ်ချင်ပါတယ်။
- လျှပ်စစ်မီးနှင့် မီးတိုင်များ ရှိပြီး လူနေမှုဘဝ မြင့်မားသော ကျေးရွာ တရွာ ဖြစ်ချင်ပါတယ်။
- သောက်ရေသုံးရေ လုံလောက်စွာ ရှိခြင်ပါတယ်။
- ကျန်းမာရေးဆေးခန်းနှင့် ဆရာ၊ဆရာမများ လိုချင်ပါတယ်။
- ကျေးလက်အိမ်ယာ လိုချင်ပါတယ်။


**အမျိုးသမီးများမှတင်ပြသော မျှော်မှန်းချက်များ**

- ရွာချင်းဆက် ချောင်းကူးတံတား ရှိစေခြင်ပါတယ်။
- ရွာချင်းဆက်လမ်းများ ကွန်ကရစ်လမ်းဖြစ်ချင်တယ်။
- သောက်ရေသုံးရေ လုံလောက်စွာ ရှိခြင်ပါတယ်။
- ဆေးဝါးပြည့်စုံသောဆေးပေးခန်းရှိရမည်။
- လျှပ်စစ်မီးလင်းစေချင်ပါတယ်။
- စက်ရေတွင်း၊ရေကန် နှင့် တစ်အိမ်တငုတ် တစ်ခုစီ လိုချင်ပါတယ်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)



ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

**အမျိုးသားများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- အောက်စု-မရမ်းချို ရွာချင်းဆက်လမ်း ကွန်ကရစ်ဘီးလမ်း(ဂုံးပေါက်ပါ)
- အောက်စု-မရမ်းချို ရွာချင်းဆက်လမ်း ချောင်းကျောက်လမ်း(ဂုံးပေါက်ပါ)
- စက်ရေတွင်း၊ရေစက်ရုံ ၊ရေပိုက်သွယ်တန်းခြင်း ၊ခံမြင့်ရေကန်၊(တွင်းနက်)
- ကျေးလက်အိမ်ယာ (၁၀)လုံး
- မျိုးစပါး(သန့်)ကောင်းများ၊လိုအပ်သည့်မြေဩဇာများ
- ကျေးလက်ဆေးပေးခန်း
- လျှပ်စစ်မီး

**အမျိုးသမီးများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- အောက်စု-မရမ်းချို ရွာချင်းဆက်လမ်း ကွန်ကရစ်ဘီးလမ်း(ဂုံးပေါက်ပါ)
- အောက်စု-မရမ်းချို ရွာချင်းဆက်လမ်း ချောင်းကျောက်လမ်း(ဂုံးပေါက်ပါ)
- စက်ရေတွင်း၊ရေစက်ရုံ ၊ရေပိုက်သွယ်တန်းခြင်း ၊ခံမြင့်ရေကန်၊(တွင်းနက်)
- ကြက်၊ ဝက် မွေးမြူရေး လုပ်ငန်း
- ရွာတွင်းကွန်ကရစ်လမ်း
- လျှပ်စစ်မီးလင်းရေး
- ကျေးလက်အိမ်ယာ (၁၀)လုံး

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ရွှေပန်းတော ကျေးရွာ။ ။ မရမ်းချို

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၉-၉ -၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမောင်မောင်စိုး | ၀၉၄၂၂၄၈၅၇၈၆ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ချိုမာစိုး | ၀၉၂၅၀၅၇၈၆၅၆ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမြစိုး | ၀၉၄၅၃၁၉၇၀၉၈ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဆွေဆွေမြင့် | ၀၉၇၇၃၃၈၁၇၈၂ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဦးသန်းထိုက် | ၀၉၇၉၁၆၇၀၀၃၅ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအေးနိုင် | - | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဒေါ်တင်စန်း | ၀၉၂၅၄၈၀၄၂၂၃ | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဦးမြင့်တင် | - | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝင်းဝင်းနွယ် | - | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဦးဇော်မင်းထွန်း | ၀၉၂၅၀၅၇၈၆၅၆ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ဇာနည်မင်း | - | ၂၀၁၇ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသန်းဇော်ဝင်း | ၀၉၇၈၈၇၈၃၂၅၂ | ၂၀၁၈ |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသိန်းဇော် | - | ၂၀၁၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဖွန်ပွင့်ဖြူ | ၀၉၂၅၁၁၄၉၀၆ | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးထွန်းထွန်းဝင်း | - | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်တင်မိုးခိုင် | ၀၉၇၈၄၆၉၂၃၈၃ | ၂၀၁၆ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်အေးမြတ်မွန်

လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

# ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | |
|---|---|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဇော်တင်. | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-၇၆၀၈၈၂၇၈၉ | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ - မရမ်းချို. |

 က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၄ | ဘာသာ (၁) -ဗုဒ္ဓ------- | ၂၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂ | | ၂ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၀ | ၄၆ |
| လူမျိုးစု (၁)--ဗမာ--- | ၅၀ | ၄၆ |
| လူမျိုးစု (၂)---------- | - | - |
| လူမျိုးစု (၃)---------- | - | - |
| အိမ်ထောင်ဦးစီး | ၂၀ | ၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဝလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

မိုးရာသီတွင်ကြာချိန် ------ ၁၀ မိနစ် -------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၂၀၀၆ [illegible]


၂၀၁၅-၁၆ - [illegible]

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဝပ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ရှိပါသည်၊ World Vision.
(၂) ---------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် စိုးဖေဝင်း |
| | လက်မှတ် နေ့စွဲ ၂၉.၉-၂၀၁၇. |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်[illegible] |
| | လက်မှတ် နေ့စွဲ ၂၉.၉-၂၀၁၇. |

၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



လူထုဖယ်ပို့ပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လယ်ကွင်းရှင်းချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၂၉ . ၉ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၃၂ | ၁၈ | ၃၀ | ၃၀ \| [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၃၂ | ၁၈ | ၃၀ | ၃၀ \| [illegible] |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းသုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယာရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြပ်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည်

| | |
|---|---|
| နေ့စွဲ 29.9.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး / ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သုံးရေ လုံလောက်စွာ မရရှိခြင်း | ၁ | ကျန်းမာရေး နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတ အားနည်းခြင်း |
| ၂ | မိုးရာသီတွင် ဗွက်ထူ၍ သွားလာရခက်ခြင်း | ၂ | မိုးရာသီတွင် ဗွက်ထူ၍ သွားလာရခက်ခြင်း |
| ၃ | ပညာရေး အထောက်အပံ့ အားနည်းခြင်း | ၃ | ပညာရေး နှင့် ပတ်သက်၍ အသိပညာ နည်းပါးခြင်း |
| ၄ | ချောင်းအား ... ရွာချင်းဆက် သွားလာရခက်ခြင်း | ၄ | ချောင်းရေလျှံ၍ စိုက်ခင်းများ လယ်များ ပျက်စီးခြင်း |
| ၅ | စာသင်ကျောင်းသို့ သွားလာရခက်ခြင်း | ၅ | လျှပ်စစ်မီး မရှိ၍ ပညာရေးတွင် အခက်ခဲရှိခြင်း |
| ၆ | အုပ်စုတွင်ရွာဖြစ်သော်လည်း တန်းတူညီမျှသော အခွင့်အရေး ရရှိမှု နည်းခြင်း | ၆ | ပြုစုရေးနှင့် ပတ်သက်၍ သိရှိမှု အားနည်းခြင်း |
| ၇ | | ၇ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများ ကားလမ်း ကွန်ကရစ်လမ်း ဖြစ်စေချင်ပါသည်။ | ၁ | ရွာချင်းဆက် ချောင်းကူးတံတား ရှိစေချင်သည်။ |
| ၂ | လျှပ်စစ်မီး ... ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်စေချင် | ၂ | ကျေးရွာစာကြည့်တိုက် ရှိစေချင် |
| ၃ | သောက်ရေ နှင့် သုံးရေ လုံလောက်စွာ ရရှိစေချင် | ၃ | ရွာတွင်း သောက်ရေ၊ သုံးရေ လုံလောက်စွာ လိုချင် |
| ၄ | ကျန်းမာရေး အတွက် ... ဆေးပေးခန်း ရချင် | ၄ | ဆေးခန်း ... ဆေးပေးခန်း ရှိချင် |
| ၅ | ကျေးလက် အိမ်ယာ လိုချင်ပါတယ် | ၅ | ကျေးလက် အိမ်ယာ လိုချင်ပါတယ် |
| ၆ | | ၆ | တစ်ရွာလုံး လျှပ်စစ်မီး လင်းစေချင် |
| ၇ | | ၇ | ရွာချင်းဆက်လမ်းများ ကွန်ကရစ်လမ်း ဖြစ်စေချင် |

(၈) စက်ရုံတွင်း၊ ... စိုက်ပျိုးရေး ... လိုချင်ပါသည်။

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အောက်ရှု-ဗရင်းချုံ ရွာချင်း ဆက်ကွန်ကရစ်ဘီးလမ်း (ဝုံးပေါ်လ်ပါ) | ကျား + မ | ၃၉ သိန်း | ၉၆ |
| ၂ | အောက်ရှု-ဗရင်းချုံ ရွာချင်း ဆက်ရွာဖြီးကျောက်လမ်း (ဝုံးပေါ်လ်ပါ) | ကျား + မ | ၃၇ သိန်း | ၉၆ |
| ၃ | ဝက်တွင်းကြွင်းနက် ၁၀ကော်၊ ရုံ၊ ကန်၊ ပိုက် သွယ်တန်း | ကျား + မ | ၄၀ သိန်း | ၉၆ |
| ၄ | ရွာတွင်း ကွန်ကရစ်လမ်း | မ | ၄၅ သိန်း | ၉၆ |
| ၅ | ဆေးပေးခန်း | ကျား | ၆၀ သိန်း | ၉၆ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်ကိစ်ယာယဝင်ရုံ | ကျား + မ. | စီးပွား |
| ၂ | မျိုးသန့်စပါး | ကျား | ကိုက်ညှိမျိုးစေ့ |
| ၃ | ကြက်၊ ဝက်၊ မွေးမြူရေး | မ. | မွေးမြူရေး |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် ---------------- နေ့စွဲ ၂၆-၉-၂၀၁၇

၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် ဒေါ်မေသူဇင်းဝေ ၊ ဒေါ်အေး မြတ်မွန် | | စက်ဂန်းအားအမှတ်ခြစ်ပေးပါ(✓) □စက်ဂန်း(၁) □စက်ဂန်း(၂) ☑စက်ဂန်း(၃) □စက်ဂန်း(၄) |
| နေ့စွဲ ၁.၁၀.၂၀၁၇ | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ① မင်းတဲကြီးကျေးရွာ | အင်ဂျင်စက်၊ မီးဆက်ကြိုး၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kw ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၂၄၀၀၀) | ၁၃၀ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၅၁၅) သိန်း | | - | | (၅၁၅) သိန်း |
| ② ထန်းကုန်း | အင်ဂျင်စက်၊ မီးဆက်ကြိုး၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kw ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၆၀၀၀) | ၁၃၆ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၀၂] သိန်း | | (၈၈.၅) သိန်း | | (၅၉၀.၅) သိန်း |
| ③ မုန့်တုတ် | အင်ဂျင်စက်၊ မီးဆက်ကြိုး၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kw ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၄၀၀၀) | ၁၃၅ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၇၂] သိန်း | | - | | (၅၇၂) သိန်း |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလကြွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၄) ရွာသစ်ကျေး | အင်ဂျင်မီး၊ မီးစက်ရုံ၊ ဆီးတိုင် နှင့် မီးကြိုး | 25Hp အင်ဂျင်၊ (၁၄) 10 kVA ဒိုင်နမို၊ (၈'×၅'×၆') (၂၅၀၀'/) | ၁၀၃ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | [၅၃] သိန်း | | - | (၅၃) သိန်း |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦးသိန်းဝင်း ၊ ၉/ဓဝန(နိုင်)...

လက်မှတ် ............ ရက်စွဲ ၁. ၁၀. ၂၀၁၇

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု -ရွှေပန်းတော**

**ကျေးရွာ -မရမ်းချို**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၉- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၉း၀၀) နာရီတွင်စ တင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြ သည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသ ဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျ သောလျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၀း၃၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

၁၁နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတ္တုစနေ စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီစွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဘ္ဘရာအင်းလေးကွက်သစ်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၃)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၃)ခု ရရှိခဲ့ပါသည်။

ညနေ (၁၂း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးမြတ်မွန်**

# ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | အောက်စု-မရမ်းချိုရွာချင်းဆက်ကွန်ကရစ်ဘီးလမ်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂ | အောက်စု-မရမ်းချိုရွာချင်းဆက်ချောင်းကျောက်ဘီးလမ်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်း | အမျိုးသမီး | ၂၀၁၉ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၄ | ကျေးလက်ဆေးပေးခန်း | အမျိုးသား | ၂၀၁၉ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၅ | စက်တွင်း(တွင်းနက်)စက်ရုံကန်ပိုက်သွယ်တန်းခြင်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |